# မဲရုံသို့ ရောက်အောင် မသွားနိုင်ဘူးလား။

ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI

**vote.nz**



## 2026 အထွေထွေရွေးကောက်ပွဲတွင် မဲပေးပါ

2026 အထွေထွေရွေးကောက်ပွဲတွင် မဲပေးရန်အတွက် **အောက်တိုဘာလ ၂၅ ရက်၊ တနင်္ဂနွေနေ့ သန်းခေါင်**မတိုင်မီ မှတ်ပုံတင်ရန် လိုအပ်ပါသည်။

အောက်တိုဘာလ ၂၆ ရက်၊ တနင်္လာနေ့မှစ၍ ရွေးကောက်ပွဲနေ့ ဖြစ်သည့် နိုဝင်ဘာလ ၇ ရက်၊ စနေနေ့ ည ၇ နာရီအထိ 2026 အထွေထွေရွေးကောက်ပွဲတွင် သင် မဲပေးနိုင်ပါသည်။ သင် မသွားမီတွင် မဲရုံများ၏ ဖွင့်လှစ်ချိန်များနှင့် တည်နေရာများကို **vote.nz** တွင် ကြည့်ရှုစစ်ဆေးပါ။

မဲပေးရမည့်နေရာကို သင်မသွားနိုင်လျှင်လည်း **အောက်တိုဘာလ ၂၅ ရက်၊ တနင်္ဂနွေနေ့ သန်းခေါင်အချိန်ထိ** စာရင်းသွင်းလျှင် မဲပေးနိုင်ပါသေးသည်။

---

**Complete this form on both sides to authorise someone to collect voting papers on your behalf**

**Voter's details. Please print clearly.**

My first name(s) are:

My last name is:

My contact phone number is:

Address where I am enrolled to vote:

✓ Tick the electoral roll you believe you are enrolled on:

☐ General roll ☐ Māori roll

OFFICIAL USE ONLY:
Index reference

**မဲပေးရမည့်နေရာနှင့် အချိန်ဆိုင်ရာ အချက်အလက်များကို vote.nz တွင်ဖြစ်စေ၊ 0800 36 76 56 ကို ဖုန်းခေါ်ဆို၍ဖြစ်စေ ရရှိနိုင်သည်။**

မဲရုံများတွင် အောက်တိုဘာ ၂၆ ရက်၊ တနင်္လာနေ့မှ ရွေးကောက်ပွဲနေ့ဖြစ်သည့် နိုဝင်ဘာလ ၇ ရက်၊ စနေနေ့ ည ၇ နာရီအထိ မဲပေးနိုင်သည်။

ကြိုတင်မဲပေးသည့်နေရာများ၏ ဖွင့်လှစ်သည့်ရက်များနှင့်အချိန်များ မတူညီပါ။ သင် မသွားမီတွင် မဲပေးချိန်များကို vote.nz တွင် စစ်ဆေးပါ။

မဲရုံများကို ရွေးကောက်ပွဲနေ့၊ နိုဝင်ဘာလ ၇ ရက်၊ စနေနေ့တွင် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ထားပါသည်။

## ရွေးကောက်ပွဲနေ့တွင် အလုပ်လုပ်ရပါသလား။

ရွေးကောက်ပွဲနေ့တွင် အလုပ်မှ နားချိန်ယူပြီး မဲသွားပေးရန် သင့်ကို တရားဝင်ခွင့်ပြု ထားသည်။ အောက်တိုဘာ ၂၆ ရက်၊ တနင်္လာနေ့မှစ၍ မည်သည့်မဲရုံတွင်မဆို စောစီးစွာ မဲပေး၍လည်းရသည်။

## စောင့်ရှောက်ရေးဂေဟာတွင် ရှိနေလျှင်လည်း မဲပေးနိုင်သေးသည်

စောင့်ရှောက်ရေးဂေဟာတွင် ရှိနေပါက သင်သည် ကျွန်ုပ်တို့ကို ဆက်သွယ်ရန်မလို ပါ။ သင်၏ ဒေသန္တရ ရွေးကောက်ပွဲဆိုင်ရာမန်နေဂျာသည် မဲပေးခြင်း ဝန်ဆောင်မှု များကို စီစဉ်ရန် သင့်စောင့်ရှောက်ရေးဂေဟာကို ဆက်သွယ်ပါမည်။

## ဆေးရုံတွင်ရှိနေလျှင်လည်း မဲပေးနိုင်သေးသည်

ဆေးရုံတက်နေသောကြောင့် မဲရုံသို့ မသွားနိုင်ပါက အောက်တိုဘာလ ၂၆ ရက်၊ တနင်္လာနေ့မှ စတင်၍ မိတ်ဆွေ (သို့မဟုတ်) ဆွေမျိုးမိသားစုဝင်တစ်ဦးက သင့်မဲ စာရွက်များကို သင့်ဆီ ယူလာပေးနိုင်သည်။

ရွေးကောက်ပွဲနေ့မတိုင်မီ ဆေးရုံတက်ရန် စီစဉ်ထားပါက တတ်နိုင်လျှင် အောက်တိုဘာလ ၂၆ ရက်၊ တနင်္လာနေ့မှစတင်၍ ကြိုတင်မဲပေးခြင်း သည် အကောင်းဆုံးဖြစ်သည်။ နောက်ထပ်အချက်အလက်များကို သိရှိရန် 0800 36 76 56 ကို ဆက်သွယ်ပါ။

## သင် မဲရုံသို့ ရောက်အောင်မသွားနိုင်ပါက သင်၏ ရွေးချယ်စရာများ

ကျွန်ုပ်တို့သည် မဲရုံသို့ ရောက်အောင်မသွားနိုင်သူများအတွက် မဲပေးခြင်း ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်။ ဥပမာအားဖြင့် ကျန်းမာရေးမကောင်းခြင်း သို့မဟုတ် လှုပ်ရှားသွားလာ၍မရခြင်းကြောင့် လူကိုယ်တိုင် မဲမပေးနိုင်ပါက မဲ စာရွက်များကို သင့်ဆီ ယူလာပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုနိုင်သည် (သို့မဟုတ်) မဲစာရွက်များကို သင့်ထံ ပို့ပေးရန် လျှောက်ထားနိုင်သည်။

## တစ်စုံတစ်ဦးကို သင့်မဲစာရွက်များ သွားယူခိုင်းပါ

မဲရုံသို့ မသွားနိုင်ပါက ပူးတွဲပါပုံစံကို ဖြည့်ပြီး လက်မှတ်ထိုးကာ ၎င်းကို မဲရုံဆီသို့ သင့်ကိုယ်စား ယူသွားပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုပါ။ ထို့နောက် သူသည် ဖြည့်စွက်ရမည့် သင့်မဲစာရွက်များကို ပြန်ယူလာပေးပါမည်။

သင်၏မဲစာရွက်များကို သင့်ကိုယ်စား သွားယူပေးနိုင်သူ တစ်ဦးမျှမရှိပါက ကျွန်ုပ်တို့ က ၎င်းတို့ကို သင့်ထံ ပို့ပေးနိုင်ပါသည်။

ပိုမိုမေးမြန်းလိုပါက သင်၏ ဒေသန္တရ ရွေးကောက်ပွဲဆိုင်ရာ မန်နေဂျာနှင့် ဆက် သွယ်ပါ။ ၎င်းတို့ကို ဆက်သွယ်ရန် အချက်အလက်များကို vote.nz တွင် ရှာတွေ့နိုင် သကဲ့သို့ 0800 36 76 56 ကိုလည်း ဖုန်းဆက်နိုင်ပါသည်။

## သင့်မဲစာရွက်များကို ပြန်ပို့နည်း

နိုဝင်ဘာလ ၇ ရက်၊ စနေနေ့ ည ၇ နာရီမတိုင်မီ သင်၏ ဖြည့်စွက်ထားသော မဲစာရွက်များကို မဲရုံဆီသို့ သွားပို့ပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုနိုင်သည်။

သင့်တွင် ပစ္စည်းပို့သမားဖြင့် ပြန်ပို့ရမည့် အထုပ်ရှိပါက ပစ္စည်းပို့သမား လာယူ မှုအတွက် စီစဉ်ရန် အထုပ်ပေါ်ရှိ ညွှန်ကြားချက်များအတိုင်း လုပ်ဆောင်ပါ၊ သို့မဟုတ်လျှင် အကူအညီလိုအပ်ပါက 0800 36 76 56 ကို ဖုန်းခေါ်ဆိုပြီး ကျွန်ုပ် တို့ကို ဆက်သွယ်ပါ။

**နောက်ထပ်အချက်အလက်များကို အောက်ဖော်ပြပါ နေရာ များတွင် ရရှိနိုင်ပါသည် -**

- **vote.nz** သို့ ဝင်ရောက်ကြည့်ရှုပါ
- **0800 36 76 56** ကို ဖုန်းခေါ်ဆိုပါ

## Give my voting papers to the person I have authorised

The name of the person I have authorised to collect and deliver my voting papers to me is:

**Note:** this application must be signed for it to be valid.

✓

☐ I have been authorised to collect and deliver voting papers to the voter named on this form.

| Signature of authorised person | Date |
|---|---|
| | |

| Signature of voter | Date |
|---|---|
| | |